
ကံကြမ္မာဓါးမရတာကကစားပွဲ
စာစဉ်(၅၃)
ဘာသာပြန်-Zaw Shine

# ကံကြမ္မာ၏မရဏကစားပွဲ
# (စာစဉ်-၅၃)

## အပိုင်း (၇၈၁)
## ကျား

*

"နောက်ဆုံးတော့ သူ့ကို ခဏလောက် ပိတ်ထားလိုက်နိုင်ပြီ"

ကောင်းမင်က ကင်မရာကို ကိုင်ထားရင်း ပြောလိုက်သည်။ သူ့လက်များသည် ပုံမှန်ထက် ပိုမိုရှည်လျားနေပြီး တွဲလောင်းကျနေ၏။ သူ့ခန္ဓာကိုယ်မှာလည်း အရည်ပျော်ပြီး ပုံပျက်နေသကဲ့သို့ ရှိနေလေသည်။

"သူ မကြာခင် ပြန်ထွက်လာလိမ့်မယ်၊ မင်းရဲ့ အိပ်မက်တွေက အရမ်းနူးညံ့လွန်းတယ်၊ သူ့ကို စိတ်ပျက်အားငယ်သွားအောင် လုပ်နိုင်မှာ မဟုတ်ဘူး"

ကောင်းမင်၏ ပါးစပ်မှ လီဆန်းစီ၏အသံ ထွက်ပေါ်လာသည်။ သူသည် ခန္ဓာကိုယ်ကို ပြန်လည် သိမ်းပိုက်ရန် ကြိုးစားနေပုံရသည်။

"မင်းရဲ့ အပိုစကားတွေ မလိုဘူး၊ တောင်ဘုရင်ကို ရှင်းပြီးတာနဲ့ နောက်တစ်ယောက်က မင်းပဲ… လီဆန်းစီ"

ကောင်းမင်သည် သူ့ဘာသာ စကားပြောနေသကဲ့သို့ ရှိသည်။ သူ့မျက်နှာပေါ်ရှိ မှောင်မည်းသော မျက်တွင်းပေါက်များထဲမှ ဆိုးယုတ်မှုများ ယိုစီး

ကျနေလေသည်။

"ဟားဟားဟား... အခုဆိုရင် မင်းနဲ့ ငါက ခွဲခြားလို့ မရတော့ဘူးလေ၊ ငါက မင်းပဲ၊ မင်းကလည်း လီဆန်းစီပဲ"

ကောင်းမင်း၏ လည်ချောင်းထဲမှ ဆိုးယုတ်သော ရယ်သံတစ်ခု ထွက်ပေါ်လာပြီး သူ့နားထဲတွင် ပဲ့တင်ထပ်ကာ စိတ်ထဲအထိ ထိုးဖောက်သွားသည်။

သူ့ပါးစပ်မှ ထွက်ပေါ်လာသော ထိုအသံကို ဂရုမစိုက်ဘဲ ကောင်းမင်းသည် ကံကြမ္မာ၏ ကြိုးမျှင်များကို တီးခတ်နေသကဲ့သို့ သူ၏ လက်ချောင်းငါးချောင်းကို လှုပ်ရှားလိုက်သည်။ ထိတွေ့မှု တစ်ခုစီနှင့်အတူ သူ့ခန္ဓာကိုယ်ပေါ်ရှိ သွေးမြို့တော် ပုံစံကွက်များမှာလည်း အဆက်မပြတ် ပြောင်းလဲလျက်ရှိသည်။

အသွေးအသားများဖြင့် ဖွဲ့စည်းထားသော မကောင်းဆိုးဝါး အရိပ်တစ်ခုက တောင်ဘုရင်ကို ဖုံးလွှမ်းသွား၏။ မီတာရာနှင့်ချီ ရှည်လျားသော အသားလောက်ကောင်ကြီးများက တောင်ဘုရင်၏ ခန္ဓာကိုယ်ကို ကိုက်ခဲထားပြီး အန်းလွမ်၏ မှတ်ဉာဏ်များကို တရစပ် ထိုးသွင်းကာ သူ့ကို အိပ်မက်ကမ္ဘာအတွင်း ပိတ်မိနေစေသည်။ တစ်ချိန်တည်းမှာပင် ကောင်းမင်းသည် အိပ်မက်သရဲ၏ စွမ်းအားကို အသုံးပြုနေခဲ့သည်။ သူသည် တောင်ဘုရင်၏ မှတ်ဉာဏ်များကို ခိုးယူပြီး အမှောင်ယဇ်ပလ္လင်ပိုင်ရှင်၏ အတိတ်ကို စူးစမ်းချင်နေခြင်းဖြစ်သည်။

ဆိုးယုတ်မှုအနက်ရောင် မြူခိုးများက တားမြစ်နယ်မြေအတွင်း ပျံ့နှံ့သွားပြီး တောင်ဘုရင်ကို ကိုက်ခဲထားသော အသားလောက်ကောင်များကလည်း သူ့ကို အောက်သို့ ဆွဲချကာ မြေအောက်ရထားလမ်းများစွာ၏ ဆုံစည်းရာ တားမြစ်နယ်မြေဗဟိုချက်နေရာသို့ ခေါ်ဆောင်သွားကြသည်။

မွေးနေ့ကိတ်မုန့်များကို ဘဝရထားပေါ်တွင် တင်ဆောင်ထားပြီး ဖယောင်းတိုင်များကို ထွန်းညှိထားကြသည်။ ကလေးငယ်များက ထူးဆန်းသော သီချင်းများကို သီဆိုနေကြပြီး တားမြစ်နယ်မြေထဲသို့ မှားယွင်းရောက်ရှိလာသူများ၏ ဆုတောင်းသံများမှာလည်း ဆုတောင်း စွမ်းအားအဖြစ် ပြောင်းလဲသွားသည်။

ကောင်းမင်နှင့် အန်းလွမ်တို့၏ အကူအညီဖြင့် ဆုတောင်းသည် တားမြစ် နယ်မြေ ၁ ကို ထိန်းချုပ်လိုက်သည်။ ဆက်သွယ်ထားသော မြေအောက် ဥမင်များသည် ၎င်း၏ လက်တံများ ဖြစ်လာပြီး မြေပြင်ပေါ်တွင် ဆုတောင်း နေကြသော မြို့သူမြို့သားများမှာ ၎င်း၏ မျက်လုံးများ ဖြစ်လာသည်။ မြေအောက်တွင် စုပုံနေသော အမုန်းတရားများနှင့် ကျရှုံးခဲ့သော ဘဝများ မှာမူ ၎င်း၏ အာဟာရများ ဖြစ်လာပေသည်။ အချိန်တိုအတွင်းမှာပင် ဆုတောင်းသည် အမှောင်ယဇ်ပလ္လင်အတွင်း ကြောက်မက်ဖွယ် ကောင်းသော အဆင့်တစ်ခုသို့ ကြီးထွားလာခဲ့သည်။

ကောင်းမင်သည် တစ်ယောက်တည်း တိုက်ခိုက်ရန် ဘယ်တုန်းကမှ အစီအစဉ်မရှိခဲ့ပေ။ သူ့ရည်ရွယ်ချက်မှာ တောင်ဘုရင်ကို တားမြစ်နယ်မြေ ၁ ၏ ဗဟိုချက်နေရာသို့ ဆွဲခေါ်လာပြီး သူ၏ အင်အားအားလုံးကို စုစည်း ကာ ဝိုင်းရံသတ်ဖြတ်ရန်သာ ဖြစ်သည်။

အိပ်မက်သရဲသုံးကောင်မှာ အမှောင်ယဇ်ပလ္လင်အတွင်းသို့ တစ်ပြိုင်နက် တည်း ဝင်ရောက်လာကြခြင်းဖြစ်သည်။ ထိုအထဲမှ နှစ်ကောင်၏ စွမ်းအား ကို အန်းလွမ်၊ လီဆန်းစီ၏ မိခင်တို့နှင့် ပေါင်းစပ်လိုက်ခြင်းဖြင့် ကောင်း မင်သည် နယ်မြေအနေအထားနှင့် ပံ့ပိုးမှုများတွင် အသာစီးရသွားပြီး တောင်ဘုရင်ကို ထိပ်တိုက်ရင်ဆိုင်ရန် ယုံကြည်မှု ရရှိသွားခြင်းဖြစ်သည်။

"သူ့ကို အိပ်မက်ထဲမှာပဲ ထာဝရ အိပ်ပျော်နေပါစေ၊ ဘယ်တော့မှ နိုးမလာ

ပါစေနဲ့"

မွေးနေ့ဖယောင်းတိုင်များကို တစ်တိုင်ပြီးတစ်တိုင် မှုတ်ထုတ်လိုက်ကြသည်။ မြို့သူမြို့သားများ၏ စုပေါင်းဆုတောင်းသံများကြားတွင် တောင်ဘုရင်၏ ရှန်းကန်မှုများ အားနည်းသွားရသည်။ သူ၏ ကြွက်သားများ စတင်ညှိုးနွမ်းလာပြီး ဆံပင်များက တဖြည်းဖြည်း ဖြူဆွတ်လာလေသည်။ သူ့ခန္ဓာကိုယ်က ကျုံ့ဝင်သွားပြီး သူ၏အရှိန်အဝါများမှာလည်း အားအနည်းဆုံး အခြေအနေသို့ တဖြည်းဖြည်း ပြန်ရောက်သွားသကဲ့သို့ လျော့ပါးလာတော့သည်။

ဆူပွက်နေသော သွေးနှင့် ချီစွမ်းအင်များ ဆုတ်ယုတ်သွားပြီး တောင်ဘုရင်မျက်နှာပေါ်ရှိ ကြေးနီမျက်နှာဖုံးမှာ စတင်လျော့ရဲလာတော့သည်။ အိပ်မက်သရဲနှစ်ကောင်၏ စုပေါင်းအားထုတ်မှုကြောင့် မျက်နှာဖုံးပေါ်တွင် သေးငယ်သော အက်ကြောင်းတစ်ခု ပေါ်လာခဲ့သည်။

တောင်ဘုရင်သည် တစ်စုံတစ်ခု၏ ထိုးစိုက်ခံလိုက်ရသကဲ့သို့ မျက်ခွံများမှာ လှုပ်ခတ်သွားပြီး သူ့ခန္ဓာကိုယ်ရှိ အပ်စိုက်မှတ်များတွင် မတူညီသော သရဲမျက်နှာများ ပေါ်ထွက်လာသည်။ ဆိုးယုတ်မှုများသည် သူ၏ ဒန်တျန်အတွင်း၌ ဆူပွက်နေသော ချီပင်လယ်ကြီးအလား စုစည်းလာတော့သည်။

အဆုံးမရှိသော အိပ်မက်ဆိုးအတွင်း၌ ကြေးနီမျက်နှာဖုံးကို ဝတ်ဆင်ထားပြီး သံချေးတက်နေသော တုတ်ကို ကိုင်ဆောင်ထားသည့် တောင်ဘုရင်သည် သူ့ဆရာနှင့် မတွေ့မီအချိန်သို့ ပြန်ရောက်သွားသည်။ ပိန်လှီသေးသိမ်သော သူသည် အမှိုက်ပုံဘေးတွင် ရပ်နေပြီး ပန်းသီးပုတ်တစ်ခြမ်းအတွက် သူ့ထက် အရပ်ရှည်သော အိမ်ခြေရာမဲ့လူအချို့နှင့် လုယက်နေရသည်။

သူသည် ရက်စက်ပြီး ပြတ်သားလှသည်။ သူ့ခြေရင်းတွင် လည်ပင်း ထိုးဖောက်ခံထားရသော အလောင်းနှစ်လောင်း လဲလျောင်းနေခဲ့သည်။ သူ၏

ကြမ်းတမ်းမှုကြောင့် အိမ်ခြေရာမဲ့များမှာ သူ့အနီးသို့ မကပ်ရဲကြတော့ပေ။

ပန်းသီးကို တစ်ကိုက်ကိုက်လိုက်သော်လည်း တောင်ဘုရင်၏ ပိန်လှီသော ခန္ဓာကိုယ်မှာ ပို၍ အားနည်းလာလေသည်။ သူ့ရှေ့မှ မြင်ကွင်းက ထပ်မံ ပြောင်းလဲသွားပြန်သည်။ ယခုမူ သူသည် ကတ်ထူပြားများဖြင့် ပြုလုပ်ထားသော ထောင့်တစ်နေရာတွင် ကွေးနေရပြီး သူ့နဖူးတွင် သွေးများ ဖုံးလွှမ်းကာ အမြင်အာရုံများမှာလည်း မှုန်ဝါးနေခဲ့သည်။

"ငါ့ရဲ့ အသက်က ထပ်ပြီး ကျုံ့သွားပြန်ပြီ၊ သူတို့က ငါ့ကို ဘာမှမဟုတ်တဲ့ အခြေအနေအထိ ပြန်ပို့ဖို့ ကြိုးစားနေတာလား"

သူ၏ ကွဲအက်နေသော နှုတ်ခမ်းများက အနည်းငယ် တုန်ရီနေ၏။

"ဒါက လေးရာခုနစ်ဆယ်မြောက် အိပ်မက်လား၊ မဟုတ်ဘူး... ကိုးရာလား၊ ဒါမှမဟုတ် အဲ့ဒီထက် ပိုသေးလား"

သူ့လက်များက သူ့ခန္ဓာကိုယ်ကို မထောက်ပံ့နိုင်တော့ပေ။ သွေးအလွန်အကျွံ ထွက်နေသည့်အတွက် သူ ခေါင်းမူးလာရသည်။ နောက်ထပ် အိပ်မက်ဆိုးတစ်ခုထဲသို့ မဝင်မီ အသက်ရှင်နိုင်ရန်အတွက် သွေးတိတ်အောင် လုပ်ဖို့ နည်းလမ်း ရှာရပေလိမ့်မည်။

"ငါ အခု ခံစားနေရတာတွေက အန်းလွမ်ရဲ့ မှတ်ဉာဏ်တွေနဲ့ ရက်လုပ်ထားတာပဲ၊ အဲ့ဒီအထဲက အများစုက အန်းလွမ် တကယ်ကြုံတွေ့ခဲ့ရတာတွေ ဖြစ်လိမ့်မယ်၊ သူတို့က ငါ့ကို ဒါတွေနဲ့ ပိတ်မိအောင် လုပ်ချင်နေတာပဲ၊ ငါ အင်အားသုံးပြီး ထွက်ပြေးနိုင်ရင်တောင် ငါ့စိတ်ထဲမှာ အန်းလွမ်ထက် နိမ့်ကျတယ်ဆိုတဲ့ မျိုးစေ့ကို သူတို့ စိုက်ပျိုးနိုင်သေးတယ်၊ အတော်ကောက်ကျစ်တဲ့ အပြင်လူတွေပဲ"

သူ၏ ဦးခေါင်းမှ သွေးများ ထပ်မံ စီးကျလာပြန်သည်။ တောင်ဘုရင်၏

မျက်နှာက အေးစက်တည်ငြိမ်နေခဲ့သည်။ သူသည် ညရဲတပ်ဖွဲ့နှင့် တိုက်ခိုက်စဉ်ကပင် ဤမျှ တည်ကြည်သော အမူအရာမျိုး မပြသခဲ့ဖူးပေ။

"အိပ်မက်ဆိုတာ အိပ်မက်ပဲ၊ ဒီအမှောင်ယဇ်ပလ္လင်ထဲမှာ 'နတ်ဘုရား' ရဲ့ စိတ်ဆန္ဒကို ဘယ်အရာကမှ ပိတ်လှောင်ထားလို့ မရဘူး"

သူသည် တင်ပျဉ်ခွေထိုင်လိုက်ပြီး အတွေးများကို ထိန်းချုပ်ကာ စိတ်ကို ချိတ်ပိတ်ထားလိုက်သည်။ သူ၏ ချီစွမ်းအင်များကို အပေါ်ဒန်တျန်ရှိ ယင်တျန်အပ်စိုက်မှတ်၊ အလယ်ဒန်တျန်ရှိ ထန်ကျုံးအပ်စိုက်မှတ်၊ အောက်ဒန်တျန်ရှိ ကျုံးကျိအပ်စိုက်မှတ်၊ ဦးခေါင်းထိပ်ရှိ ပိုင်ဟွေ့အပ်စိုက်မှတ်၊ လက်ဖဝါးရှိ လောင်ကုန်းအပ်စိုက်မှတ်နှင့် ခြေဖဝါးရှိ ယုံချွမ်အပ်စိုက်မှတ်များဆီသို့ စီးဆင်းစေလိုက်ရာ သူ၏အသိစိတ်များ တဖြည်းဖြည်း ပြန်လည်နိုးကြားလာတော့သည်။

"အရာအားလုံးက ပုံရိပ်ယောင်တွေပဲ၊ ဒီအသွေးအသားခန္ဓာကိုယ် တစ်ခုတည်းကသာ ထာဝရ အစပြုရာနဲ့ မြဲမြံရာနေရာ ဖြစ်တယ်၊ အတိတ်မှာလည်း မနေဘူး၊ အနာဂတ်မှာလည်း မနေဘူး၊ အခု ဒီခဏမှာပဲ တည်ရှိနေတာ"

သူသည် ဖြည်းညင်းစွာ ထရပ်လိုက်သည်။ သူ၏ခြေထောက်များသည် မြေပြင်ပေါ်တွင် ခိုင်မာစွာ နင်းထားပြီး ခန္ဓာကိုယ်၏ ဗဟိုချက်ကို နှိမ့်ချလိုက်သည်။ ဒူးကို အနည်းငယ် ကွေးထားသည်မှာ ထိုင်ခုံမြင့်မြင့်တစ်ခုပေါ်တွင် ထိုင်နေသကဲ့သို့ ရှိပြီး ဦးခေါင်းကို ကြိုးတစ်မျှင်ဖြင့် ဆွဲထားသကဲ့သို့ မတ်မတ်ထားကာ ကျောရိုးကိုလည်း ဝင်ရိုးတစ်ခုအလား ဆန့်ထုတ်လိုက်သည်။

တောင်ဘုရင်သည် ဘာကိုမှ နားမထောင်၊ ဘာကိုမှ မကြည့်၊ ဘာအနံ့ကိုမှ မရှူတော့ဘဲ သူ၏ လက်သီးကို တဖြည်းဖြည်း ဆန့်ထုတ်လိုက်ကာ

လက်သီးစိတ်ဆန္ဒဖြင့်သာ ကမ္ဘာကြီးကို ခံစားလိုက်သည်။

သူ၏ ချီပင်လယ်ကြီး ဆူပွက်လာပြီး တောင်ဘုရင်သည် ချီစွမ်းအင်အားလုံးကို စုစည်း၍ လက်သီး၏ ဦးဆောင်မှုအတိုင်း အိပ်မက်၏ အစွန်းဆီသို့ ထိုးနှက်လိုက်တော့သည်။

"အာရုံခြောက်ပါးက တစ်ခုတည်းဖြစ်သွားပြီ၊ လောကဓံရှစ်ပါးက နှလုံးသားကို မလှုပ်ခတ်နိုင်တော့ဘူး"

လက်သီးတစ်ချက်နှင့်အတူ လက်သီးစိတ်ဆန္ဒမှာ ကောင်းကင်ယံထက် မြင့်မားစွာ ပြန့်နှံ့သွားတော့သည်။

ကြေးနီမျက်နှာဖုံးပေါ်ရှိ အက်ကြောင်းများမှာ လျင်မြန်စွာ တိုးပွားလာသည်။ ကောင်းမင်နှင့် ကွေ့ယွမ်တို့သည် အသားလောက်ကောင်များ၏ ဝါးမျိုခြင်းကို ခံနေရသော တောင်ဘုရင်၏ ခန္ဓာကိုယ်ကို စိုက်ကြည့်နေကြသည်။ လွန်ခဲ့သော စက္ကန့်ပိုင်းက ပိတ်မိနေသော ထိုခန္ဓာကိုယ်မှာ နောက်တစ်ခဏမှာပင် ပြောင်းလဲသွားတော့သည်။

တောင်ဘုရင်၏ ခန္ဓာကိုယ်ပေါ်ရှိ မကောင်းဆိုးဝါး ပုံစံကွက်များသည် ၎င်း၏အပ်စိုက်မှတ်နေရာများရှိ သရဲမျက်နှာများနှင့် ပေါင်းစပ်သွားပြီး သိုလှောင်ထားသော ဆိုးယုတ်မှုအားလုံးကို ထုတ်လွှတ်လိုက်သည်။ ထိုအရာက ပေါက်ကွဲထွက်လာပြီး တောင်ဘုရင်၏ ပတ်ပတ်လည်တွင် ကြီးမားလှသော အရိပ်ခြောက်ခု ပေါ်ထွက်လာလေသည်။ ၎င်းတို့သည် မျက်မမြင်၊ အင်္ဂါမစုံ၊ နှာခေါင်းပြတ်၊ သွေးလျှာ၊ ညစ်ညမ်းခန္ဓာကိုယ်နှင့် ဆိုးယုတ်သောစိတ်ဆန္ဒတို့ပင် ဖြစ်သည်။

ဤသန္ဓေပြောင်း အရာခြောက်ခုသည် တစ်ခုတည်းအဖြစ် ပေါင်းစည်းသွားပြီး ဒဏ်ရာများစွာနှင့် ကြောက်မက်ဖွယ်ကောင်းသော အနက်ရောင်ကျားကြီး တစ်ကောင်အဖြစ် ပြောင်းလဲသွား၏။ ၎င်းသည် တောင်ဘုရင်၏

ခန္ဓာကိုယ်ထဲမှ ထွက်ပေါ်လာပြီး အသားလောက်ကောင် အားလုံးကို ဆုတ်ဖြဲပစ်လိုက်ကာ သားစားကြူးနတ်ဘုရား၏ လည်ပင်းထံ ခုန်အုပ်လိုက်တော့သည်။

သားစားကြူးနတ်ဘုရား၏ ချုပ်နှောင်မှု မရှိတော့လျှင် သာမန်မကောင်းဆိုးဝါးစိတ်ဆန္ဒဖြင့် တောင်ဘုရင်ကို လုံးဝ ပိတ်လှောင်ထားနိုင်မည် မဟုတ်ပေ။ ကြေးနီမျက်နှာဖုံး ဝတ်ဆင်ထားသော ထိုထွားကျိုင်းသော အရိပ်ကြီးက မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။

သူသည် ညစ်ညမ်းသော သွေးတစ်လုပ်ကို ထွေးထုတ်လိုက်သည်။ သူ့ခန္ဓာကိုယ်အနှံ့ရှိ အပ်စိုက်မှတ် အများအပြားသည် လေလျှော့လိုက်သော ပူဖောင်းတစ်ခုအလား ပေါက်ပြဲသွားတော့သည်။ တောင်ဘုရင်သည် အိပ်မက်သရဲ၏ အဆုံးမရှိသော အိပ်မက်ဆိုးအတွင်းမှ လွတ်မြောက်ရန်အတွက် ကြီးမားသော တန်ဖိုးတစ်ခုကို ပေးဆပ်ခဲ့ရခြင်းဖြစ်သည်။

"မင်းတို့ အပြင်လူတွေက တော်တော်လေး ကောက်ကျစ်စဉ်းလဲပြီး ယုတ်မာတာပဲ၊ အမှောင်ယဇ်ပလ္လင်နဲ့ တကယ်လိုက်ဖက်တယ်၊ ဒီမှာပဲ ထာဝရနေပြီး ယဇ်ပလ္လင်ရဲ့အစိတ်အပိုင်းတစ်ခု ဖြစ်လာကြပါလား"

တောင်ဘုရင်၏ မျက်လုံးများမှာ ဒေါသများဖြင့် တောက်လောင်နေသည်။ အနက်ရောင် သွေးများနှင့် ဆိုးယုတ်မှုများ ရောယှက်နေစဉ် သူသည် အနီးဆုံးရှိနေသော ကောင်းမင်ထံသို့ သူ့လက်သီးကို လွှဲယမ်းလိုက်တော့သည်။

တောင်ပေါ်ရှိ သစ်ပင်များမှာ ညှိုးနွမ်းခြောက်သွေ့နေပြီး လေပြင်းများတိုက်ခတ်နေကာ ကျူပင်များ ဝါကျင်နေခဲ့သည်။ ကျားတစ်ကောင်သည် သူ့ဂူထဲမှ ထွက်လာပြီဖြစ်ရာ ဝက်ဝံတစ်ကောင်က မည်သို့ ခုခံရပါမည်နည်း။

"သေစမ်း"

အသတ်အဖြတ်စိတ်ဆန္ဒက ကောင်းမင်ကို ပစ်မှတ်ထားလိုက်ပြီဖြစ်ရာ အမြဲတမ်း စကားများတတ်သော လီဆန်းစီပင် တိတ်ဆိတ်သွားတော့သည်။ သူတို့သည် ရှောင်တိမ်းရန် အလွှန်ပင် နီးကပ်လွှန်းနေပြီ ဖြစ်သည်။

***